Message Nine

## ရှင်ပြန်ထမြောက်ခြင်းနှင့် ဂျုံမျိုးစေ့ဖြစ်သော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ယော၊၁၁း၂၅။ ၁၂း၂၃-၂၄။ လု၊၁၂း၄၉-၅၀။ ၂ကော၊၁း၈-၉။ ၄း၁၆။ ထွ၊၂၅း၃၁-၄၀။ စာရင်း၊၁၇း၈

**I. ကျွန်ုပ်တို့သည် ခရစ်တော်ကို ရှင်ပြန်ထမြောက်ခြင်းအဖြစ် တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားခြင်း ရှိနိုင်ကြသည် - ယော၊၁၁း၂၅။**

A. ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် စပ်လျဉ်းသည့် ဖွင့်ပြထားသော သမ္မာတရားကို မြင်ရမည်ဖြစ်သည်။

1. ကိုယ်တော်၏လူသားဇာတိ၌ ခရစ်တော်သည် ဘုရားသခင်၏သားဦးဖြစ်ရန် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်အားဖြင့် မွေးဖွားခြင်း ခံရသည် - တ၊၁၃း၃၃။ ရော၊၈း၂၉။

2. ခရစ်တော်၏ ယုံကြည်သူများအားလုံးသည် ကိုယ်တော်၏ပုံတူပွားခြင်းဖြစ်သော ကိုယ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို ထုတ်လုပ်ခြင်းအတွက် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခမည်းတော်ဘုရားသခင်အားဖြင့် အသစ်မွေးဖွားခဲ့ကြပြီဖြစ်သည် - ၁ပေ၊၁း၃။ ယော၊၁၂း၂၄။ ၁ကော၊၁၀း၁၇။

3. နောက်ဆုံးသောအာဒံအဖြစ် ခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့သည် - ၁၅း၄၅ခ။

4. သခင်ဘုရား ရှင်ပြန်ထမြောက်ခြင်း၏ ဤအဓိကအချက်များ (ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်အဖြစ် သားဦး၊ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအဖြစ် များစွာသော သားများနှင့် ကိုယ်ခန္ဓာတော်၏ အနှစ်သာရနှင့် စစ်မှန်ခြင်းအဖြစ် ဝိညာဉ်တော်ဖြစ်ခြင်း) မပါဘဲ၊ မည်သည့်အသင်းတော်၊ မည်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ မည်သည့် ဘုရားသခင်၏ စီမံကိန်းမျှ ရှိမည်မဟုတ်ပါ - ညွှန်း၊ ကော၊၁း၁၈။ ၁ကော၊၁၂း၁၂။ ဧ၊၄း၄။

B. ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရား၏ စစ်မှန်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းနှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း ဖြစ်သည်။

1. အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရား၏ စစ်မှန်ခြင်းသည် ပြီးမြောက်ပြည့်စုံသော စစ်မှန်ခြင်း၏ဝိညာဉ်တော်ဖြစ်သည် - ယော၊၁၄း၁၇။ ၁၅း၂၆။ ၁၆း၁၃။ ၁ယော၊၅း၆။

2. ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းသည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ခရစ်တော် ဖြစ်သည် - ယော၊၁၁း၂၅။ ၂၀း၂၂။ ၁ကော၊၁၅း၄၅ခ။

3. စစ်မှန်ခြင်း၏ဝိညာဉ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား၏ အရာခပ်သိမ်းကို ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ စစ်မှန်ခြင်း ဖြစ်စေသည် - ယော၊၁၆း၁၃-၁၅။

4. ထိုဝိညာဉ်တော်မပါရှိဘဲ၊ မည်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ မည်သည့်အသင်းတော်မျှ မရှိပါ - ဧ၊၄း၄။

C. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ ရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌ အကြွင်းမဲ့ရှိရန် လိုအပ်သည်။

1. အသင်းတော်သည် ခရစ်တော်၏ဒြပ်သဘာဝ အကြွင်းမဲ့ဖြစ်ကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ အကြွင်းမဲ့ရှိပြီး၊ ကောင်းကင်ဆိုင်ရာများ၌ အကြွင်းမဲ့ ရှိသည် - ၁ပေ၊၁း၃။ ဧ၊၂း၆။ ညွှန်း၊ က၊၂း၂၁-၂၄။

2. ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို ပုံဆောင်သော ရွှေမီးခုံတိုင်သည် ရှင်ပြန်ထမြောက်ခြင်းအသက်အဖြစ် ခရစ်တော်သည် အလင်းကို ထွန်းလင်းရန် ကြီးထွားခြင်း၊ အကိုင်းဖြာထွက်ခြင်း၊ အဖူးထွက်ခြင်း၊ အပွင့်ပွင့်ခြင်းကို ပုံဆောင်သည် - ထွ၊၂၅း၃၁-၄၀။ စာရင်း၊၁၇း၈။ ဗျာ၊၁း၁၁-၁၂။

D. ဖူးပွင့်သော လှံတံမှာ ရှင်ပြန်ထမြောက်သောအရှင် ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့အတွင်း၌ရှိ ရှင်ပြန်ထမြောက်ခြင်းအသက် ဖြစ်သင့်ပြီး၊ ဤအသက်သည် အဖူးထွက်ခြင်း၊ အပွင့်ပွင့်ခြင်းနှင့် ရင့်ကျက်ခြင်းသို့ အသီးသီးခြင်း ရှိလာသင့်ကြောင်း ပုံဆောင်သည် - စာရင်း၊၁၇း၁-၁၁။

1. စာရင်းတော်ဝင် ၁၆ တွင် မှတ်တမ်းတင်ထားသည့်အတိုင်း အစ္စရေးအမျိုးသားတို့သည် ပုန်ကန်ခဲ့ကြပြီးနောက် ဘုရားသခင်က ခေါင်းဆောင်တစ်ဆယ့်နှစ်ဦးအား အစ္စရေး၏ မျိုးနွယ်တစ်ဆယ့်နှစ်မျိုးအတိုင်း လှံတံတစ်ဆယ့်နှစ်ချောင်းကို ယူလာ၍၊ သေတ္တာတော်ရှေ့သက်သေခံချက်တဲတော်၌ ထားရှိရမည့်အကြောင်း မိန့်မှာခဲ့သည်။ ထိုနောက် ကိုယ်တော်က "ငါရွေးကောက်သောသူ၏ လှံတံသည် ဖူးပွင့်လိမ့်မည်"ဟု ပြောခဲ့သည် - ၁၇း၅။
2. လှံတံတစ်ဆယ့်နှစ်ခုလုံးမှာ အရွက်မဲ့ခြင်း၊ အမြစ်ကင်းမဲ့ခြင်း၊ ခြောက်သွေ့ခြင်းနှင့် သေနေခြင်း ရှိခဲ့ကြသည်။ အဖူးထွက်သော မည်သည့်တစ်ခုမဆို ဘုရားသခင်အားဖြင့် ရွေးချယ်ခြင်းခံရသူပင် ဖြစ်သည်။ ဤနေရာတွင် ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏ ရွေးချယ်ခြင်းအခြေခံဖြစ်ကြောင်းနှင့် အစေခံခြင်း၏ အခြေခံသည် ကျွန်ုပ်တို့၏ ဇာတိအသက်တာ မပါသော တစ်စုံတစ်ရာဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ သို့ဖြစ်၍ ဖူးပွင့်သော လှံတံသည် ဘုရားသခင်ပေးထားသော အမှုတော်၌ အခွင့်အာဏာအတွက် ဘုရားသခင်အားဖြင့် လက်ခံဖွယ်ရာအဖြစ် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်ကို ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်းအား ပုံဆောင်သည်။
3. အစေခံခြင်းမှန်သမျှအဖို့ မူအလေ့အလာမှာ ဖူးပွင့်သောလှံတံ၌ မှီတည်နေသည်။ ဘုရားသခင်သည် လှံတံတစ်ဆယ့်တစ်ခုလုံးကို ခေါင်းဆောင်များထံ ပြန်ပေးခဲ့သည်၊ သို့သော် အာရုံ၏လှံတံကိုမူ ထာဝရအောက်မေ့ဖွယ်ရာအဖြစ် သေတ္တာတော်အတွင်း၌ သိမ်းထားခဲ့သည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်ထံ ကျွန်ုပ်တို့၏အစေခံခြင်း၌ ထာဝရမူအလေ့အလာဖြစ်ကြောင်း ဆိုလိုသည် - အငယ်၊၉-၁၀။
4. ဖူးပွင့်သော လှံတံသည် နှိမ့်ချခြင်းအတွေ့အကြုံ ဖြစ်သည်။ လှံတံသည် လူသားအဆင့်အနေအထားကို ပုံဆောင်ပြီး၊ ဖူးပွင့်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်ကို ပုံဆောင်သည်။ သို့ဖြစ်၍ မိုက်မဲသောသူတို့သာလျှင် မာနထောင်လွှားမည်ဖြစ်ပြီး၊ မိမိသည် အခြားသူများထက် ပိုကောင်းသည်ဟု ပြောလိမ့်မည် - ညွှန်း၊ မာ၊၁၁း၉။ ၂ကော၊၃း၅။ ၁ပေ၊၅း၅။
5. ရှင်ပြန်ထမြောက်ခြင်းဟူသည်မှာ အရာခပ်သိမ်းသည် ဘုရားသခင်၏အရာဖြစ်ပြီး၊ ကျွန်ုပ်တို့၏အရာမဟုတ်ကြောင်း ဆိုလိုသည်။ ၎င်းမှာ ဘုရားသခင်တစ်ပါးတည်းသာ တတ်စွမ်းနိုင်ပြီး၊ ကျွန်ုပ်တို့မတတ်စွမ်းနိုင်ကြောင်း ဆိုလိုသည်။ ရှင်ပြန်ထမြောက်ခြင်းကို သိသောသူအားလုံးသည် မိမိတို့ကိုယ်တိုင်၌ မျှော်လင့်ခြင်းကို စွန့်လွှတ်ကြလိမ့်မည်ဖြစ်သည်။ သူတို့က မိမိတို့မတတ်နိုင်ကြောင်းကို သိကြသည်။
6. ဇာတိဆိုင်ရာခွန်အား ကျန်ရှိနေသရွေ့ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည် ထင်ရှားပေါ်လာရန် အခွင့်အရေး မရှိပေ။ စာရာသည် သားကို ဖွားနိုင်သရွေ့ ဣဇာက်သည် ထွက်ပေါ်လာမည်မဟုတ်ပါ - က၊၁၈း၁၀-၁၅။ ၂၁း၁-၃၊ ၆-၇။
7. ကျွန်ုပ်တို့လုပ်နိုင်သောအရာသည် ဇာတိဆိုင်ရာ နယ်ပယ်နှင့်ဆိုင်ပြီး၊ ကျွန်ုပ်တို့ လုပ်ရန် မဖြစ်နိုင်သောအရာမှာ ရှင်ပြန်ထမြောက်ခြင်း၏နယ်ပယ်နှင့် ဆိုင်သည်။ ရှင်ပြန်ထမြောက်ခြင်းက ကျွန်ုပ်တို့အတိုင်းအတာထက် ကျော်လွန်သော၊ ကျွန်ုပ်တို့ကိုယ်တိုင်၌ ကျွန်ုပ်တို့မတတ်နိုင်သော အရာများကို ပြောဆိုခြင်းဖြစ်သည် - မ၊၁၉း၂၆။ မာ၊၁၀း၂၇။ လု၊၁၈း၂၇။
8. လူသည် မိမိ၏ လုံးလုံး အသုံးမရဖြစ်ခြင်းကို သိမှတ်ဝန်ခံခြင်းမရှိခင်၊ မိမိကိုယ်တိုင် အဆုံးသတ်ခံရခြင်းသို့ ရောက်ရှိလာရမည်ဖြစ်သည်။ လူသည် မိမိ၏မတတ်စွမ်းနိုင်ခြင်းကို ဘယ်သောအခါမှ သိမှတ်နားလည်ခြင်းမရှိလျှင်၊ သူသည် ဘုရားသခင်၏ တတ်စွမ်းနိုင်ခြင်းကို တစ်ခါမျှ တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့မတတ်နိုင်ကြောင်း၊ ဘုရားသခင်သာ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို တတ်နိုင်သောအရှင်ဖြစ်ကြောင်း ဆိုလိုသည် - ညွှန်း၊ ၂ကော၊၁း၈-၉။ ၄း၇။
9. ခရစ်ယာန်တစ်ဦးဖြစ်ခြင်းမှာ ခက်ခဲရုံမျှသာမဟုတ်ပါ - ၎င်းသည် မဖြစ်နိုင်ပေ။ အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့၌ အသက်ရှင်နေသော အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားသာလျှင် ခရစ်ယာန်တစ်ဦးဖြစ်နိုင်သည်။ ဝိညာဉ်တော်သာလျှင် ခရစ်ယာန်ဖြစ်နိုင်ပြီး၊ ဝိညာဉ်တော်သာလျှင် အောင်မြင်သောသူတစ်ဦးဖြစ်နိုင်သည်။

E. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိအသက်အားဖြင့် အသက်မရှင်ဘဲ၊ ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ကြသောအခါ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိကြသည်။ ဤအရာ၏ ထွက်ပေါ်လာသောရလဒ်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်သည် - ဖိ၊၃း၁၀-၁၁။

1. ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားအားဖြင့် တပည့်ဖြစ်စေခြင်းခံရရန် လိုအပ်သည်၊ ယင်းမှာ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ ပုဂ္ဂိုလ်များဖြစ်ရန်၊ ကျွန်ုပ်တို့၏ဇာတိအသက်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ခြင်း ရှိရန် ဖြစ်သည် - ညွှန်း၊ ယော၊၃း၈။
2. ကျမ်းစာဆိုင်ရာပင် ဖြစ်စေကာမူ ဇာတိအသက်၌ သယ်ဆောင်သည့်အရာ မှန်သမျှသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း မဟုတ်ပါ - ၁ကော၊၃း၁၂။

F. ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ဘုရားသခင်ကို သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် အမြတ်ရခြင်း ရှိရမည်ဖြစ်သည် - ၂ကော၊၁း၈-၉။

1. ဘုရားသခင်သည် ကားတိုင်မှတစ်ဆင့် ကျွန်ုပ်တို့ကို အဆုံးသတ်ရန်၊ ကျွန်ုပ်တို့ကို အဆုံးသတ်သို့ရောက်ရှိစေရန် လုပ်ဆောင်နေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌ ကိုးစားမှုမရှိတော့ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်၌သာ ကိုးစားခြင်း ရှိနိုင်မည်ဖြစ်သည် - အငယ်၊၉။
2. အသက်ရှင်သော ဘုရားသခင်သည် လူ၏ကိုယ်စား များစွာသော လုပ်ဆောင်ချက်များကို လုပ်နိုင်သော်လည်း၊ အသက်ရှင်သော ဘုရားသခင်၏ အသက်နှင့်သဘောသဘာဝသည် လူအထဲသို့ ဆောင်ယူခံရခြင်း မရှိပေ။ ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်သည် အလုပ်လုပ်သောအခါ၊ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝသည် လူအထဲသို့ ဆောင်ယူခံရလေသည်။
    a. ဘုရားသခင်သည် ကိုယ်တော်အား အပြင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ၌ သိကျွမ်းခံရရန် လုပ်ဆောင်ခြင်း မဟုတ်ဘဲ၊ ကိုယ်တော်ကိုယ်တိုင် လူအထဲသို့ ဖြည့်ပေးရန်နှင့် အလုပ်လုပ်ရန် လုပ်ဆောင်နေခြင်းဖြစ်သည် - ဂလ၊ ၁း၁၅-၁၆။ ၂း၂၀။ ၄း၁၉။
    b. ဘုရားသခင်သည် ကိုယ်တော်၏အသက်နှင့် သဘောသဘာဝကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန် အလို့ငှာ ပတ်ဝန်းကျင်ကို အသုံးပြုသည် - ၂ကော၊၄း၇-၁၂။ ၁သက်၊၃း၃။
    c. ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ရန်နှင့် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရရန် ကျွန်ုပ်တို့သည် "ခပ်သိမ်းသောအရာတို့"မှတစ်ဆင့် ဘုရားသခင့်သားဦးဖြစ်သော ခရစ်တော်၏ ပုံသဏ္ဍာန်တော်အထဲသို့ သဏ္ဍာန်တူညီခြင်း ရှိရမည်ဖြစ်သည် - ရော၊၈း၂၈-၂၉။ ဟေဗြဲ၊၁၂း၁၀။ ယေ၊၄၈း၁၁။
    d. ဤစကြဝဠာ၌ အထူးသဖြင့် ဘုရားသခင်၏သားသမီးများနှင့် စပ်လျဉ်း၍ ဒုက္ခဆင်းရဲခံစားရခြင်း၏ အခြေခံကြံစည်ရည်ရွယ်ချက်မှာ ၎င်းမှတစ်ဆင့် ဘုရားသခင်၏သဘောသဘာဝသည် လူ၏သဘောသဘာဝအထဲသို့ ဆောင်ယူခံရကာ၊ လူသည် ဘုရားသခင်ကို အပြည့်ဝဆုံးအတိုင်းအတာ၌ အမြတ်ရရှိနိုင်ရန်ဖြစ်သည်။
    e. ကျွန်ုပ်တို့သည် ဘေးဒုက္ခများကို ဖြတ်ကျော်နေစဉ် ကျွန်ုပ်တို့၌ စဉ်ဆက်မပြတ် အသစ်ပြုပြင်ခြင်းသည် တစ်နေ့ပြီး တစ်နေ့ နေရာယူလာရန် လိုအပ်သည်၊ သို့မှသာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ယေရုရှလင်မြို့သစ် ဖြစ်စေရန် ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒကို ပြီးမြောက်ပြည့်စုံစေနိုင်မည်ဖြစ်သည် - ယေဇ၊၃၆း၂၆။ ၂ကော၊၄း၁၆။ ၅း၁၇။ ဗျာ၊၂၁း၂။
3. ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ ရှင်ပြန်ထမြောက်ခြင်း၏ လန်းဆန်းသော မစမှုဖြင့် ကျွေးမွေးခံရခြင်းအားဖြင့် အသစ်ပြုပြင်ခံခြင်း ရှိရမည်ဖြစ်သည် - ၂ကော၊၄း၁၆။
4. စစ်မှန်သော ခရစ်ယာန်အသက်တာသည် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ နံနက်ခင်းနှင့် ညနေခင်း၊ တစ်နေ့ပြီးတစ်နေ့ ပေါင်းထည့်ခံရခြင်း ရှိရန် ဖြစ်သည် - ကော၊၂း၁၉။ ရော၊၈း၁၀၊ ၆၊ ၁၁။

5. ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာအသက်၏ အသစ်ပြုပြင်သော စွမ်းရည်ကို လက်ခံရရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဆက်သွယ်ရန်၊ ကျွန်ုပ်တို့ကိုယ်ကို ကိုယ်တော်ထံ ဖွင့်ပေးရန်၊ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့ထံ အသစ်သော ပေါင်းထည့်ပေးခြင်းဖြစ်ရန် ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်ကို အခွင့်ပေးခြင်း ရှိဖို့ လိုအပ်သည် - ဖိ၊၂း၁၂-၁၃။ ၃း၁၀-၁၁။ ဆာ၊၁၈ ခေါင်းစဉ်။ ၂ကော၊၄း၁၀-၁၂၊ ၁၆။ တိတု၊၃း၅။ ဧ၊၄း၂၃။ ၅း၂၆။

## II. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဂျုံစပါးစေ့အဖြစ် တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားခြင်း ရှိနိုင်ကြသည် - ယော၊၁၂း၂၄။

A. ခရစ်တော်၏ ဘုရားဇာတိ ဘုန်းတော်သည် ကိုယ်တော်၏ဘုရားဆိုင်ရာအသက်နှင့်အတူ ဂျုံစပါးစေ့၌ကဲ့သို့ ကိုယ်တော်၌ ဖုံးကွယ်ဝှက်ထားခြင်း ခံရသည် - အငယ်၊၂၃-၂၄။

B. ကိုယ်တော်၏ဘုရားဇာတိဘုန်းတော်သည် ကိုယ်တော်၏လူသားဇာတိအခွံအားဖြင့် ဖုံးကွယ်ဝှက်ထားခြင်း ခံနေရစဉ် ကိုယ်တော်သည် ဖိနှိပ်ခြင်းနှင့် အနိုင်အထက်ပြုခြင်းခံရ၍၊ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်၏ မီးနှင့်အတူ ဘုရားဇာတိဘုန်းတော်ကို လွတ်မြောက်စေခြင်းအတွက် ကိုယ်တော်အသေခံခြင်း၏ ဗတ္တိဇံဖြင့် ဗတ္တိဇံခံရရန် တောင့်တနေခဲ့သည် - လု၊၁၂း၄၉-၅၀။

C. ခရစ်တော်၏ဘုရားဇာတိဘုန်းတော်ကို လွတ်မြောက်စေခြင်းမှာ ကိုယ်တော်အသေခံခြင်းအားဖြင့် ကိုယ်တော်၏လူသားဇာတိအခွံကို ချိုးဖျက်ခြင်းမှတစ်ဆင့် ဖြစ်သည် - ယော၊၁၂း၂၄။

1. ကိုယ်တော်သည် ကိုယ်တော်၏ဘုရားဆိုင်ရာ ဘုန်းတော်နှင့်အတူ ကိုယ်တော်၏ဘုရားဆိုင်ရာအသက် ပါဝင်သော တုနှိုင်းရာမဲ့ မျိုးစေ့ဖြစ်သည်။
2. ကိုယ်တော်၏လူသားဇာတိအခွံသည် ကိုယ်တော်ကားတိုင်မှာ အသေခံခြင်းမှတစ်ဆင့် ချိုးဖျက်ခံရသောအခါ၊ ကိုယ်တော်၏ ဘုရားဇာတိ ဒြပ်သဘာဝများအားလုံး - ကိုယ်တော်၏ဘုရားအသက်နှင့် ကိုယ်တော်၏ဘုရားဆိုင်ရာ ဘုန်းတော် - သည် လွတ်မြောက်ခြင်း ရှိခဲ့သည်။
3. ဤအချက်၌ ကိုယ်တော်၏အသေခံခြင်းကို တစ်ပြိုင်နက်တည်း လွတ်မြောက်လာသော ကိုယ်တော်၏ ဘုန်းတော်နှင့်အတူ အသက်ကိုလွတ်မြောက်စေသော အသေခံခြင်းအဖြစ် မှတ်ယူရခြင်းဖြစ်သည်။

D. ခရစ်တော်၏ဘုရားဇာတိ ဘုန်းတော် လွတ်မြောက်ခြင်းသည် ကိုယ်တော်အသေခံခြင်းမှတစ်ဆင့် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာဘုန်းတော်နှင့်အတူ ခမည်းတော်အားဖြင့် ကိုယ်တော်ကို ဘုန်းထင်ရှားစေခြင်းဖြစ်သည် - အငယ်၊၂၃-၂၄။ လု၊၂၄း၂၆။

E. ခရစ်တော်သည် ကိုယ်တော်၏လူသားအသက်ရှင်ခြင်း၌ ခမည်းတော်က ကိုယ်တော်အား ဘုန်းထင်ရှားစေမည့်အကြောင်း ဆုတောင်းခဲ့ပြီး၊ ခမည်းတော်က ကိုယ်တော်၏ဆုတောင်းချက်ကို အဖြေပေးခဲ့သည် - ယော၊၁၇း၁။ တ၊၃း၁၃။

F. ထိုသို့သော ဘုန်းထင်ရှားခြင်းသည် ခရစ်တော်ကို လူ့ဇာတိခံခြင်းအဆင့်မှ အရာအားလုံးပါဝင်ခြင်းအဆင့်ထဲသို့ ကူးပြောင်းစေခဲ့ပြီး၊ ယင်း၌ နောက်ဆုံးသောအာဒံအဖြစ် ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာခဲ့သည်။

G. ကိုယ်တော်၏ အသက်လွတ်မြောက်စေသော အသေခံခြင်းနှင့် အသက်ဝေငှဖြန့်ဖြူးသော ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဂျုံမျိုးစေ့အဖြစ် ခရစ်တော်သည် ကိုယ်တော်၏ယုံကြည်သူများအားလုံးကို အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါး ဘုရားနှင့်အတူ ပေါင်းစည်းပါဝင်ခြင်းအထဲသို့ ခေါ်ဆောင်ပေးသည်။

1. ကိုယ်တော်၏ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၌ ဘုရားသခင်သည် ပေါင်းစည်းပါဝင်ခြင်းတစ်ခုဖြစ်သည် - ယော၊၁၄း၁၀-၁၁။
2. ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ပေါင်းစည်းပါဝင်မှုတစ်ခု ဖြစ်လာခဲ့သည် - အငယ်၊၁၆-၂၀။

H. ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားခံရသော ယုံကြည်သူများ၏ ကြီးမားကျယ်ပြန့်သော၊ ဘုရားဆိုင်ရာ-လူသားဆိုင်ရာဖြစ်သော၊ စကြဝဠာဆိုင်ရာဖြစ်သော ပေါင်းစည်းပါဝင်ခြင်းသည် သွင်ပြင်သုံးခု၌ အဆင်းသဏ္ဌာန်ပြောင်းလဲသော ဂျုံမျိုးစေ့အဖြစ် ခရစ်တော်ထံမှ ထွက်လာခြင်းဖြစ်သည်။

1. ပထမသွင်ပြင်မှာ ခမည်းတော်၏ အိမ်တော်သည် ကိုယ်တော်၏နားခိုရာ၊ ကျေနပ်နှစ်သိမ့်ရာနှင့် ထင်ရှားပေါ်ထွန်းရာအတွက်ဖြစ်သည် - အငယ်၊၂။
   a. ခရစ်တော်၌ရှိသော ယုံကြည်သူများအားလုံးမှာ ခမည်းတော်၏အိမ်တော်ရှိ နေစရာအခန်းများဖြစ်ကြသည် - အငယ်၊၂က။
   b. ခမည်းတော်၏အိမ်တော်သည် ခမည်းတော်နှင့်သားတော်က ဝိညာဉ်တော်နှင့်အတူ ရွေးနုတ်ခံရသော ရွေးချယ်ခံများထံ စဉ်ဆက်မပြတ် လာရောက်လည်ပတ်ခြင်းအားဖြင့် တည်ဆောက်ထားခြင်းဖြစ်သည် - အငယ်၊၂၁၊ ၂၃။ ၉၊ ၂း၁၉-၂၂။ ၃း၁၆-၁၉။
2. ဒုတိယသွင်ပြင်မှာ ဘုရားသခင်၏ ကြီးမားကျယ်ပြန့်ခြင်း၊ ပုံ့နှံ့ခြင်းနှင့် ဘုန်းထင်ရှားခြင်းအတွက် မှန်သောစပျစ်နွယ်ပင် ဖြစ်သည် - ယော၊၁၅း၁-၈၊ ၁၆။
   a. အရာအားလုံးပါဝင်သော ခရစ်တော်၏ အမှတ်လက္ခဏာအဖြစ် မှန်သောစပျစ်နွယ်ပင်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်သည်။
   b. ၎င်း၏ကိုင်းဆက်ခံရသော အကိုင်းအခက်များသည် ဘုရားဆိုင်ရာအသက်ဖြင့် အသစ်မွေးဖွားခံခဲ့ပြီး၊ ကားတိုင်မှာ အသေခံ၍ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်ဖြင့် အသက်ပေါင်းစည်းခြင်းအထဲသို့ ခေါ်ဆောင်ခံရကြကာ၊ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံခဲ့သော သုံးပါးတစ်ပါးဘုရားဖြင့် ပေါင်းစည်းပါဝင်ခြင်း ရှိကြသည်။
3. တတိယသွင်ပြင်မှာ ဘုရားသခင်၏ထာဝရစီမံကိန်းကို သယ်ဆောင်မည့် ဝိညာဉ်တော်၏ သား၊ လူသစ် ဖြစ်သည် - ၁၆း၁၃-၁၆၊ ၁၉-၂၂။
   a. အသစ်သောသူငယ်၊ လူသစ်သည် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အားဖြင့် မွေးဖွားခံရသည် - ၉၊၂း၁၅။
   b. ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခံရခြင်းအားဖြင့် လူသစ်ကို ယူတင်ဝတ်ဆင်ခြင်းက နောက်ဆုံးတွင် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ပြီးမြောက်ပြည့်စုံစေလိမ့်မည်ဖြစ်ပြီး၊ ယင်းသည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည် - ၄း၂၃-၂၄။

© 2024 Living Stream Ministry